# <နန်စန်အသက်အာမခံငွေတောင်းဖို့ ဖြည့်စွက်ရေးသားရန် အချက်များ>

ချစ်ခင်ရင်းနှီးသော သုံးစွဲသူချင်ဗျား မင်္ဂလာပါ
လူကြီးမင်းမှ ဤကုမ္ပဏီကို အားပေးစောင့်ရှောက်ရန် ကျေးဇူးတင်ပါသည်။ လူကြီးမင်း၏ အကျိုးစီးပွားကို ထိန်းသိမ်းခြင်းသည် ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။ အာမခံငွေတောင်းဖို့ ဖြည့်စွက်ရေးသားရန် အချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်း သတိပေးပါသည်-

- အာမခံငွေ လျှောက်ထားစာသည် အသက်အာမခံ၊ အဖွဲ့အာမခံ (အဖွဲ့အာမခံ အလုပ်အကိုင်အန္တရာယ်မပါ)၊ ခရီးစဉ်လုံခြုံရေးအာမခံနှင့် ရင်းနှီးမြှုပ်နှံရေး ထုတ်ကုန်အတွက် အာမခံငွေတောင်းရန် လျှောက်ထားရန် ဖြစ်သည်။ အာမခံငွေတောင်းရန် လျှောက်ထားစာကို ဖြည့်စွက်ရေးသားရာမှာ အကွက်စီကို ပြည့်စုံစိမုန်စွာ ရေးသားရမည်။ အာမခံငွေရရှိဖို့ လျင်မြန်စေရန် ရှင်းရှင်းလင်းလင်း ရေးသားရမည်။

- အာမခံငွေလျှောက်ထားစာကို ဖြည့်စွက်ရေးသားခြင်း မပြုမီ လျှောက်ထားစာ ကျောဘက်တွင် အာမခံငွေများကို တောင်းခံရန် လိုအပ်သော စာရွက်စာတမ်းများ နှင့် သတိစရာကို သေသေချာချာ ဖတ်ရှုပါ။

- ဖြည့်စွက်ရေးသားနည်းမှာ အောက်ပါအတိုင်း- အမှုထမ်းကို ပထမဦးဆုံး အကြောင်းကြားပါ။ အမှုထမ်းကို ဆက်သွယ်ဖို့ မရပါက အနီးဆုံးသော အာမခံငွေ တောင်းရန်ဌာနသို့ ကိုယ့်ဟာကိုယ် ပို့ပေးပြီး လျှောက်ထားပါ-

**1. <u>အမှုဖြစ်သူ၏အချက်အလက်</u>**

A. အမှုဖြစ်သူ၏ အာမခံသဘောတူစာချုပ် အမှတ်အားလုံး (အသက်အာမခံ၊ အဖွဲ့အာမခံ၊ ခရီးစဉ်လုံခြုံရေးအာမခံနှင့် ရင်းနှီးမြှုပ်နှံမှုထုတ်ကုန် အပါအဝင်)ကို လျှောက်ထားစာ တစ်စောင်တည်းတွင် ဖြည့်စွက်ရေးသားပါ။ အဖွဲ့အာမခံ သဘောတူစာချုပ်ဆိုလျှင် သုံးစွဲသူအမှတ်/ အာမခံလိုင်စာနအမည်၊ အာမခံကတ် အမှတ်နှင့် အမှုထမ်း/အဖွဲ့ဝင် အမည်ကို ဖြည့်စွက်ရေးသားရမည်။

B. အာမခံရသူနှင့် တော်စပ်ပုံ- အမှုဖြစ်သူနှင့် အဓိကအာမခံရသူနှင့် တော်စပ်ပုံကို ရွေးချယ်ပါ။

**2. <u>လျှောက်ထားသည့်အကြောင်းအရာ</u>**

အမှု/အာမခံသဘောတူစာချုပ် အမျိုးအစားအလိုက် အာမခံငွေတောင်းရန် လျှောက်ထားသည့်အကြောင်းအရာကို ရွေးချယ်ပါ။

**3. <u>အာမခံအမှုကို ရှင်းပြချက်</u>**

A. အမှုအမျိုးအအားတွင် ရောဂါ သို့မဟုတ် မတော်တဆကို ရွေးချယ်ပါ။

B. မတော်တဆအမှု ဖြစ်ပါက ဖြစ်ပွားသည့် အချိန်၊ နေရာ၊ ဖြစ်ပွားရာမှာ အလုပ်အကိုင်နှင့် အလုပ်အကြောင်းအရာ၊ အကြောင်းအရင်း၊ အသေးစိတ် အဖြစ်စဉ်ကို ဖြည့်စွက်ရေးသားရမည်။ အမှုတိုင်ခြင်းမှတ်တမ်းရှိပါက အမှုတိုင် ရက်စွဲ/ ဆောင်ရွက်ရေးဌာန/ ဆောင်ရွက်သူ/ ဆက်သွယ်ရန်ဖုန်း စသည့်တို့ကို ဖြည့်စွက်ရေးသားပါ။ (အမှုတိုင်ခြင်း သို့မဟုတ် ရဲဘက်မှ ထောက်ခံစာ သို့မဟုတ် သတင်းစာမဂ္ဂဇင်းစသောမီဒီယိုဖော်ပြချက် ရှိပါက သက်ဆိုင်ရာ အချက်အလက်များကို တင်ပြပါ)။

**4. ငွေပေးနည်း (အာမခံငွေ ပေးချေနည်းကို ရွေးချယ်)**

A. ချက်လက်မှတ်-

အကျိုးခံစားသူဖြင့် ချက်ချင်းပေးချေသည့် ချက်လက်မှတ်။ (ချက်လက်မှတ်ကို လွှဲပြောင်းခြင်း မပြုရ။

B. ကြေးငွေရေးဌာနဖြင့် ငွေလွှဲပို့ခြင်း-

a. ငွေလွှဲပို့နည်းကို ရွေးချယ်ပြီး အကျိုးခံစားသူ တစ်ဦးထက်များပါက အကျိုးခံစားသူအသီးသီးက ဤအာမခံငွေတောင်းရန်လျှောက်ထားစာကို ဖြည့်စွက်ရေးသားရမည်။

b. နိုင်ငံခြားငွေ အာမခံသဘောတူစာချုပ်ကို လျှောက်ထားပါက နိုင်ငံခြားငွေ ဘဏ်စာရင်းနှင့် ကိုက်ညီသော အင်္ဂလိပ်အမည်ကို ဖြည့်စွက်ရေးသားပြီး နိုင်ငံခြားငွေဘဏ်စာရင်း ထောက်ခံစာကို တွဲဘက်တင်ပြရမည်။

c. ဤကုမ္ပဏီမှ မဟုတ်သောအကြောင်းများကြောင့် ဤကုမ္ပဏီက ငွေလွှဲပို့ခြင်း မပြုစေပါက ဤကုမ္ပဏီအနေနှင့် ၎င်းအကြောင်းများ ပျောက်ဆုံးပြီးနောက် ငွေလွှဲပို့ပေးမည်။ ရွှေ့ဆိုင်းခြင်း တာဝန်မခံပါ။

d. ဤကုမ္ပဏီမှ စိစစ်ပြီး ၎င်းအကျိုးစီးပွားကို ကတိပြုပေးရန် အကျိုးခံစားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဘဏ်စာရင်းမိတ္တူ3ကို တွဲဘက်တင်ပြနိုင်သည်။

e. ဆေးကုအာမခံငွေ၏ အကျိုးခံစားသူသည် အရွယ်မရောက်သေးသူ ဖြစ်ပါက ဥပဒေအရ ကိုယ်စားလှယ်၏ ဘဏ်စာရင်းသို့ ငွေလွှဲပေးနိုင်သည်။ ဤကုမ္ပဏီမှ ဥပဒေအရ ကိုယ်စားလှယ်၏ ဘဏ်စာရင်းသို့ ငွေလွှဲပေးပြီး အကျိုးခံစားသူသည် ၎င်းသို့ငွေပေးခဲ့ကြောင်းကို ဝန်ခံခြင်းဟု မှတ်ယူသည်။

C. အကျိုးခံစားသူသည် ငွေပေးနည်းကို မရွေးချယ်ပါက ဤကုမ္ပဏီသည် ချက်လက်မှတ်ဖြင့် ပေးချေမည်။

D. အကျိုးခံစားသူသည် အအရွယ်မရောက်သေးသူဖြစ်ပြီး ဥပဒေအရ ကိုယ်စားလှယ်၏ ဘဏ်စာရင်းသို့ ငွေလွှဲခြင်းကို ရွေးချယ်ပါက ဥပဒေအရ ကိုယ်စားလှယ်သည် အာမခံလိုသူမဟုတ်လျှင် တော်စပ်ပုံထောက်ခံစာ (ဥပမာ-မိသားစုအဖွဲ့ဝင်စာရင်းမိတ္တူ3)ကို တွဲဘက်ရမည်။

**5. အကျိုးခံစားသူ လက်မှတ်**

A. ဆေးကု၊ ပြင်းထန်သောရောဂါကြီး သို့မဟုတ် မသန်စွမ်း အာမခံငွေကို လျှောက်ထားလျှင် အကျိုးခံစားသူသည် အမှုဖြစ်သူကိုယ်တိုင် ဖြစ်သည်။ ကွယ်လွန်အာမခံငွေကို လျှောက်ထားလျှင် အကျိုးခံစားသူသည် အာမခံ သဘောတူစာချုပ်တွင် ဖော်ပြသော ကွယ်လွန်မှုအကျိုးခံစားသူ ဖြစ်သည်။

B. အမှုဖြစ်သူ၊ ကွယ်လွန်မှုအကျိုးခံစားသူသည် အရွယ်မရောက်သူ သို့မဟုတ် အုပ်ထိန်းခံရသူ သို့မဟုတ် အထောက်အကူခံရသူ ဖြစ်လျှင် ဥပဒေအရ ကိုယ်စားလှယ်၊ အုပ်ထိန်းသူ၊ အထောက်အကူပေးသူမှ လက်မှတ်ရေးထိုး ရမည်။

C. အကျိုးခံစားသူ လက်မှတ်တွင် အကျိုးခံစားသူ (အမှုဖြစ်သူ၊ ကွယ်လွန်မှု အကျိုးခံစားသူ၊ ဥပဒေအရကိုယ်စားလှယ်၊ အုပ်ထိန်းသူ၊ အထောက်အကူပေးသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ လိပ်စာ၊ စာပို့ရန်အမှတ်၊ ဖုန်း၊ မော်ဘိုင်ဖုန်း၊ အီးမေးလ်၊ လျှောက်ထားသည့်ရက်စွဲကို ဖြည့်စွက်ရေးသားရမည်။ (※အာမခံသဘောတူစာချုပ်ကျောဘက်ရှိ သတိစရာကို ဖတ်ရှုပါ)။

အာမခံသဘောတူစာချုပ်ပါ လိပ်စာ၊ ဖုန်း၊ မော်ဘိုင်ဖုန်း၊ အီးမေးလ်ကို ပြောင်းလဲ လိုလျှင် သဘောတူစာချုပ်ကို ပြောင်းလဲ၊ အကျိုးပြန်လည်သက်ရောက်စေ၊ သဘောတူစာချုပ် ထပ်မံထုတ်ပေးရန် လျှောက်ထားစာကို ဖြည့်စွက်ရေးသားပြီး သုံးစွဲသူဝန်ဆောင်မှုဌာနသို့ ပို့ပေးပါ။ အာမခံငွေလျှောက်ထားစာသည် အထက်ပါ အချက်အလက်များကို ပြောင်းလဲရန်လျှောက်ထားစာဟု မှတ်ယူခြင်း မဟုတ်ပါ။

## 6. <u>ပြီးခဲ့သည့်အမှုအတွက် အာမခံငွေကိုဆက်လက်ပေးခြင်း</u>

အမှုဖြစ်သူသည် တစ်ခုတည်းသောအမှုကြောင့် အာမခံငွေတောင်းခဲ့လျှင် ၎င်းကို ရွေးချယ်ပါ။

အထက်ပါသတိစရာနှင့်ပတ်သက်၍ မည်သည့်ပြဿနာတွင် ရှိပါက ဤကုမ္ပဏီ ၂၄နာရီ ဝန်ဆောင်မှုဆင်တာ အခမဲ့ဝန်ဆောင်မှုဖုန်း- ၀၈၀၀-၀၂၀-၀၆၀ကို သို့မဟုတ် ပြည်ပအတိုင်ပင်ရန်ဖုန်း (အခပေးဖုန်း)- +၈၈၆-၂-၈၇၅၂-၂၁၁၁ကို ဖုန်းဆက်ရန် ကြိုဆိုပါသည်။ ကျွန်ုပ်တို့သည် လူကြီးမင်းအတွက် အစွမ်းကုန်ဝန်ဆောင်ပေးမည်။